ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

# ကုက္ကိုလ်သစ်ခွဲသားများ ပြည်ပသို့တင်ပို့ခွင့်မပြုကြောင်း အသိပေးကြေညာခြင်း

သတင်းလွှာ (၅ /၂၀၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်

အကြောင်းအရာ။ ကုက္ကိုလ်သစ်ခွဲသားများ ပြည်ပသို့ တင်ပို့ခွင့်မပြုကြောင်း အသိပေး ကြေညာခြင်း

၁။ မြန်မာနိုင်ငံအနှံ့အပြား စိုက်ပျိုးထားရှိသည့် သက်တမ်းရင့် ကုက္ကိုလ်ပင်ကြီးများသည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများကို နှစ်ပေါင်းများစွာ အကာအကွယ်ပေးလျက်ရှိပြီး လူသားတို့အားအကျိုးပြုလျက်ရှိသည့်အတွက် မျိုးသုဉ်းလျော့နည်းပျောက်ကွယ်မှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်သင့်သည်ဖြစ်ပါသည်။

၂။ ကုမ္ပဏီများမှ ပြည်တွင်းရှိကုက္ကိုလ်သစ်ခွဲသားများ ပြည်ပသို့ တင်ပို့ခွင့်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်အား အကျိုးပြုလျက်ရှိသော သက်တမ်းရင့် ကုက္ကိုလ်ပင်ကြီးများအား သဘာဝပတ်ဝန်းကျင်ရှုထောင့်မှ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် ကုက္ကိုလ်သစ်ခွဲသားများအား ပြည်ပသို့ တင်ပို့ခွင့်မပြုကြောင်း အသိပေး ကြေငြာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

\\172.16.109.92\d\TP Department(2018-2019)\Trade Policy 1\1.Office Letter 1\2.Department LH (MOC)\3.MOC\2019 Sep\New ထုတ်ပြန်ချက်\New Letter.doc